

Ashin Kelasa
254 N Wickiup Road
Apache Junciton, AZ 85119
Tel: 480-288-0789

# ဓမ္မစကြာသုတ်ခက်ဆစ် ခက်ဆစ် ၁

(က) ဘိက္ခုနံ့ ပဉ္စဝဂ္ဂနံ၊ ဣသိပတန နာမကေ။
မိဂဒါယေ ဓမ္မဝရံ၊ ယံ တံ နိဗ္ဗာနပါပကံ။

ပဉ္စဝဂ္ဂ = ရဟန်း ငါးပါးအုပ်စု။ ၁၊ ကောဏ္ဍည ၂၊ ဘဒ္ဒိယ ၃၊ ဝပ္ပ ၄၊ မဟာနာမ ၅၊ အဿဇိ။ တရားဦး နာရသူများ။

(ခ) သဟမ္ပတိနာမကေန၊ မဟာဗြဟေန ယာစိတော။
စတုသစ္စ ပကာသေန္တော၊ လောကနာထော အဒေသယိ။

သဟမ္ပတိ = ဗြဟာရဲ့ နာမည်။ ဗုဒ္ဓကို ဓမ္မစကြာတရား ဟောဖို့ တောင်းပန်သူ။ စတုသစ္စံ = သစ္စာလေးပါး။

(ဂ) နန္ဒတံ သဗ္ဗဒေဝေဟိ၊ သဗ္ဗသမ္ပတ္တိသာဓကံ။
သဗ္ဗလောက–ဟိတတ္ထာယ၊ ဓမ္မစက္ကံ ဘဏာမ ဟေ။

သဗ္ဗလောက–ဟိတတ္ထာယ = လောက၏ အကျိုးစီးပွား အတွက်။ ဓမ္မစက္ကံ = ဓမ္မစကြာသုတ်။

**နိဒါန်း**

၁။ ဧဝံ မေ သုတံ – ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ။ တတြ ခေါ ဘဂဝါ ပဉ္စ ဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ –

ပဌမသံဂါယနာ တင်စဉ်က အရှင်အာနန္ဒာ မိန့်ခဲ့တဲ့ စကား။ ဣသိပတန = ဗုဒ္ဓ တရားဟောတဲ့ တောရဲ့ နာမည်။ မိဂဒါယေ = အဲဒီ တောမှာ သားကောင်တွေကို မသတ်ရဘူးလို့ ဘေးမဲ့ပေးထားတယ်။ ဗာရာဏသိယံ = ဗာရာဏသီမြို့ အနီးမှာ ရှိတယ်။ ဘဂဝါ = တရား ဟောကြားသူ ဗုဒ္ဓ။

**အစွန်း နှစ်ပါး**

၂။ ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ၊ ကတမေ ဒွေ? ယော စာယံ ကာမေသု ကာမသုခလ္လိကာနုယောဂေါ ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော။ ယော စာယံ အတ္တကိလမထာနုယောဂေါ ဒုက္ခော အနရိယော အနတ္ထသံဟိတော။

ဒွေ အန္တာ = အစွန်း နှစ်ပါး။

(၁) ကာမသုခလ္လိကာနုယောဂေါ = ကာမချမ်းသာ နောက်ကို



ပဲ လိုက်နေတဲ့ အစွန်း။ အပြစ်ငါးမျိုး ရှိနတယ် –

ဟီနော = ယုတ်ညံ့တယ်။

ဂမ္မော = ရွာသူရွာသား မြို့သူမြို့သားတို့ရဲ့ အလုပ် ဖြစ်တယ်။

ပေါထုဇ္ဇနိကော = ပုထုဇဉ်တွေရဲ့ အကျင့်ဖြစ်တယ်။

အနရိယော = မြင့်မြတ်သူတွေရဲ့ အကျင့် မဟုတ်။

အနတ္ထသံဟိတော = အကျိုးစီးပွားအစစ်နဲ့ မသတ်သက်ဘူး။

(၂) အတ္တကိလမထာနုယောဂေါ = ကိုယ်ခန္ဓာကို ပင်ပန်းကြီးစွာ နှိပ်စက်တဲ အစွန်း။ အပြစ်သုံးမျိုး ရှိတယ် –

ဒုက္ခော = ဆင်းရဲရုံမျှပါပဲ။

အနရိယော = မြင့်မြတ်သူတွေရဲ့ အကျင့် မဟုတ်။

အနတ္ထသံဟိတော = အကျိုးစီးပွားအစစ်နဲ့ မသတ်သက်ဘူး။

**မဇ္ဈိမပဋိပဒါ (အလယ်လမ်း)**

၃။ ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပ–သမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ကတမာ စ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ … သံဝတ္တတိ?

အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ –

သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာ အာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

အယံ ခေါ သာ ဘိကဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ … သံဝတ္တတိ။

အနုပဂမ္မ = အစွန်း နှစ်ပါးကို ပယ်ရမယ်။

မဇ္ဈိမာ ပဋိပဒါ = မဇ္ဈိမပဋိပဒါ (မလျော့လွန်း မတင်းလွန်းတဲ့) အလယ်အလတ် လမ်းစဉ်။

အကျိုး ၇ မျိုး ရှိတယ် –

(၁) တထာဂတေန အဘိသမ္ဗုဒ္ဓါ = ဗုဒ္ဓ သိတဲ့ တရား။

(၂) စက္ခုကရဏီ = ပညာမျက်စိ ပွင့်တယ်။

(၃) ဉာဏကရဏီ = အသိဉာဏ် ထင်လင်းလာမယ်။

(၄) ဥပသမာယ သံဝတ္တတိ = ကိလေသာ ငြိမ်းမယ်။

(၅) အဘိညာယ သံဝတ္တတိ = ထူးသောဉာဏ်နဲ့ သိတယ်။

(၆) သမ္ဗောဓာယ သံဝတ္တတိ = ထိုးထွင်း၍ သိတယ်။

(၇) နိဗ္ဗာနာယ သံဝတ္တတိ = ဆင်းရဲ ငြိမ်းတယ်။

အရိယော အဋ္ဌဂကော မဂေါ = မဂ္ဂင်ရှစ်ပါး ပါပဲ။

သမ္မာဒိဋ္ဌိ = မှန်စွာ မြင်ခြင်း

သမ္မာသင်္ကပ္ပေါ = မှန်စွာ ကြံခြင်း



သမ္မာဝါစာ = မှန်စွာ ပြောခြင်း

သမ္မကမ္မန္တော = မှန်စွာ ပြုခြင်း

သမ္မာ အာဇီဝေါ = မှန်စွာ အသက်မွေးခြင်း

သမ္မာဝါယာမော = မှန်စွာ အားထုတ်ခြင်း

သမ္မာသတိ = မှန်စွာ အမှတ်ရခြင်း

သမ္မာသမာဓိ = မှန်စွာ စူးစိုက်တည်ကြည်ခြင်း

**(၁) ဒုက္ခသစ္စာ (ဒုက္ခအမှန်တရား)**

၄။ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယံပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။

ဒုက္ခ ရှစ်မျိုး ရှိတယ် –

ဇာတိ = ပဋိသန္ဓေနေခြင်း

ဇရာ = အိုခြင်း

ဗျာဓိ = နာခြင်း

မရဏံ = သေခြင်း

အပ္ပိယေဟိ သမ္ပိယောဂေါ = မချစ်သူနဲ့ ပေါင်းရခြင်း

ပိယေဟိ ဝိပ္ပယောဂေါ = ချစ်သူနဲ့ ကွေကွင်းရခြင်း

ယံပိစ္ဆံ န လဘတိ တမ္ပ = လိုတာကို မရခြင်း

ပဉ္စုပါဒါနက္ခန္ဓာ = ဥပါဒါနက္ခန္ဓာ ငါးပါးပါပဲ

**(၂) သမုဒယသစ္စာ = ဒုက္ခဖြစ်ကြောင်း အမှန်တရား**

၅။ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ၊ နန္ဒီရာဂသဟဂတာ၊ တတြတတြာဘိ–နန္ဒိနီ။ သေယျထိဒံ – ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။

သမုဒယဆိုတာ အာရုံဆာတဲ့ တဏှာပါပဲ။

(က) အပြစ်သုံးပါး –

ပေါနောဗ္ဘဝိကာ = ဘဝသစ်ကို ဖြစ်စေတယ်။

နန္ဒီရာဂသဟဂတာ = ဆီဆိုးရေတွေဟာ ထိရာမှာ စွဲသလို
နှစ်သက်ရာရာ အာရုံတွေမှာ စွဲငြိတယ်။

တတြတတြာဘိနန္ဒိနီ = ရောက်ရာဘဝမှာ ပျော်မွေ့တယ်။

(ခ) အပြား သုံးထွေ –

ကာမတဏှာ = နှစ်သက်စရာ အာရုံတွေကို တပ်မက်တာ။

ဘဝတဏှာ = မြဲတဲ့ ဝိညာဉ်ကောင်ရှိတယ်လို့ စွဲလမ်းတာ။

ဝိဘဝတဏှာ = မသေခင်သာ ရှိနေတာ၊ သေပြီးရင်
မရှိတော့ဘူးလို့ ယူဆပြီး နှစ်သက်လိုချင်တာ။

**(၃) နိရောဓသစ္စာ (တဏှာငြိမ်းခြင်း အမှန်တရား)**

၆။ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ယော တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။

ဂုဏ်ရည် ၅ မျိုး ရှိတယ် –

အသေသဝိရာဂနိရောဓော = တဏှာ အကြွင်းမဲ့ ချုပ်ခြင်း

စာဂေါ = တဏှာကို ပယ်စွန့်ခြင်း။

ပဋိနိဿဂ္ဂေါ = တဏှာနဲ့ ကင်းဝေးခြင်း။

မုတ္တိ = တဏှာကို ဆုပ်ကိုင်မထားဘဲ လွှတ်လိုက်ခြင်း။

အနာလယော = တွယ်တာမှု မရှိခြင်း။

**(၄) မဂ္ဂသစ္စာ (လမ်းစဉ် အမှန်တရား)**

၇။ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယ– သစ္စံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ – သမ္မာဒိဋ္ဌိ ... သမ္မာသမာဓိ။

မဂ္ဂင် ရှစ်ပါး။

**ဒုက္ခသစ္စာကို သိပုံ သုံးမျိုး**

၈။ 'ဣဒံ ဒုက္ခံ အရိယသစ္စ'န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿု– တေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ ဉာဏံ ဥဒပါဒိ ပညာ ဥဒပါဒိ ဝိဇ္ဇာ ဥဒပါဒိ အာလောကော ဥဒပါဒိ။

(၁) အရိယသစ္စန္တိ = အရိယသစ္စာပဲလို့

လောကမှာ ဒုက္ခ တည်ရှိနေတာဟာ သစ္စာ (အမှန်တရား) ပဲ။ တစ်နည်း ဒုက္ခကို အရိယသစ္စာ အနေနဲ့ သိတယ်။ ဒါကို သစ္စဉာဏ်လို့ ခေါ်တယ်။

သိပုံကို ၅ မျိုး ဖွင့်ပြတယ် –

စက္ခုံ ဥဒပါဒိ = ပညာမျက်စိ ဖြစ်ပေါ်ပြီ။

ဉာဏံ ဥဒပါဒိ = အသိဉာဏ် ဖြစ်ပေါ်ပြီ။

ပညာ ဥဒပါဒိ = ပိုင်းခြားသိသော ပညာ ဖြစ်ပေါ်ပြီ။

ဝိဇ္ဇာ ဥဒပါဒိ = ထိုးထွင်း၍သိသော ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်ပြီ။

အာလောကော ဥဒပါဒိ = ဉာဏ်အလင်း ဖြစ်ပေါ်ပြီ။

'တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညေယျ'န္တိ ...

(၂) ပရိညေယျန္တိ = ပိုင်းခြားပြီး သိရမယ့်တရားပဲလို့

အဲဒီ ဒုက္ခဆိုတဲ့ အမှန်တရားဟာ သိရမယ့်တရားပဲလို့ ဗုဒ္ဓ သိတော်မူတယ်။ ဒါကို ကိစ္စဉာဏ်လို့ ခေါ်တယ်။

'တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညာတ'န္တိ ...

(၃) ပရိညာတန္တိ = ပိုင်းခြားပြီး သိပြီးပြီလို့



အဲဒီ ဒုက္ခဆိုတဲ့ အမှန်တရားကို သိပြီးပြီလို့ သိတော်မူ တယ်။ ဒါကို ကတဉာဏ်လို့ ခေါ်တယ်။

**သမုဒယသစ္စာကို သိပုံ သုံးမျိုး**

၉။ 'ဣဒံ ဒုက္ခသမုဒယံ အရိယသစ္စ'န္တိ ...

(၁) ဒုက္ခသမုဒယကို အရိယသစ္စာလို့ သိတယ်။ သစ္စဉာဏ်။

'တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟာတဗ္ဗ'န္တိ ...

(၂) ပဟာတဗ္ဗန္တိ = ပယ်ရမယ့် တရားပဲလို့ သိ၊ ကိစ္စဉာဏ်။

'တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟီန'န္တိ ...

(၃) ပဟီနန္တိ = ပယ်ပြီးပြီလို့ သိ။ ကတဉာဏ်။

**နိရောဓသစ္စာကို သိပုံ သုံးမျိုး**

၁၀။ 'ဣဒံ ဒုက္ခနိရောဓံ အရိယသစ္စ'န္တိ ...

(၁) ဒုက္ခနိရောဓကို အရိယသစ္စာလို့ သိတယ်။ သစ္စဉာဏ်။

'တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကာတဗ္ဗ'န္တိ ...

(၂) သစ္ဆိကာတဗ္ဗန္တိ = မျက်မှောက်ပြုရမယ့် တရားပဲလို့ ဒုက္ခနိရောဓဆိုတာ ဆိုက်ရောက်ရမယ့် ရရှိရမယ့် တရားပဲ လို့ သိတယ်။ ကိစ္စဉာဏ်။

'တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကတ'န္တိ ...

(၃) သစ္ဆိကတန္တိ = ဆိုက်ရောက်ပြီးပြီလို့ သိ၊ ကတဉာဏ်။

**မဂ္ဂသစ္စာကို သိပုံ သုံးမျိုး**

၁၁။ 'ဣဒံ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စ'န္တိ ...

(၁) အရိယသစ္စာပဲလို့ သိ။ သစ္စဉာဏ်။

'တံ .. ဒုက္ခနိရောဓဂါမိနီပဋိပဒါ .. ဘာဝေတဗ္ဗ'န္တိ ...

(၂) ဘာဝေတဗ္ဗန္တိ = ပွားရမယ့် တရားလို့ သိ၊ ကိစ္စဉာဏ်။

'တံ .. ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စံ ဘာဝိတ'န္တိ ...

(၃) ဘာဝိတန္တိ = ပွားများပြီးပြီလို့ သိ၊ ကတဉာဏ်။

၁) ရှေး နောက်ကာလ၊ မဂ်ခဏမှာ၊ လေးသစ္စာ၊ သိတာသစ္စဉာဏ်။
၂) သိသင့် ပယ်သင့်၊ ဆိုက်ပွားသင့်၊ သိနှင့် ကိစ္စဉာဏ်။
၃) ကိစ္စပြီးလျှင်၊ ပြီးကြောင်းမြင်၊ ခေါ်တွင် ကတဉာဏ်။

**ဗုဒ္ဓအဖြစ် ဝန်မခံသေး**

၁၂။ ယာဝကီဝဉ္စ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယ သစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏ ဒဿနံ န သုဝိသုဒ္ဓံ အဟောသိ၊ နေဝ တာဝါဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏ



ဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ အနုတ္တရံ သမ္မာ– သမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါတိ ပစ္စညာသိံ။

သစ္စာလေးပါးကို မသိခင်က ဘုရားအဖြစ်ကို ဝန်မခံသေး။

တိပရိဝဋ္ဋံ = အပြန်သုံးပါး။

သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်။

ဒွါဒသာကာရံ = အခြင်းအရာ ၁၂ ပါး။

အပြန် သုံးပါး × သစ္စာလေးပါး

န သုဝိသုဒ္ဓံ = မစင်ကြယ်သေး၊ မရှင်းလင်းသေး။

သဒေဝကေ သမာရကေ သဗြဟ္မကေ = နတ်၊ မာရ်နတ်၊ ဗြဟ္မာတွေ ပါရှိတဲ့၊ လောကေ = လောကထဲမှာ

သဿမဏဗြာဟ္မဏိယာ သဒေဝမနုဿာယ = သမဏ၊ ဗြာဟ္မဏတွေ၊ မင်းတွေ ပါရှိတဲ့၊ ပဇာယ = လူ့လောကထဲမှာ

သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါတိ = ဗောဓိဉာဏ်ကို ရပြီလို့

နေဝ ပစ္စညာသိံ = ဝန်မခံခဲ့ဘူး။

**ဗုဒ္ဓအဖြစ် ဝန်ခံပြီ**

ယတော စ ခေါ မေ ဘိက္ခဝေ ဣမေသု ... ဉာဏဒဿနံ သုဝိသုဒ္ဓံ အဟောသိ၊ အထာဟံ ဘိက္ခဝေ ... ပစ္စညာသိံ။

သစ္စာလေးပါးကို သိပြီးမှ ဗုဒ္ဓဘုရားအဖြစ်ကို ဝန်ခံ။

ဉာဏဒဿနံ = ဉာဏ်အမြင်

သုဝိသုဒ္ဓံ = စင်ကြယ်သွားပြီ။ ရှင်းလင်းသွားပြီ။

ပစ္စညာသိံ = ဝန်ခံတယ်။

**ဒေသနာနိဂုံး**

၁၃။ ဉာဏဉ္စ ပန မေ ဒဿနံ ဥဒပါဒိ 'အကုပ္ပါ မေ ဝိမုတ္တိ၊ အယ မန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ'တိ။

အကုပ္ပါ မေ ဝိမုတ္တိ၊ = ငါ၏ တဏှာမှ လွတ်မြောက်ခြင်း ဟာ အရဟတ္တမဂ်နဲ့ ပယ်သတ်ပြီး ဖြစ်လို့ မပျက်နိုင်တော့ဘူး။ လောကီ ရူပ အရူပ ဈာန်တွေက ပျက်နိုင်သေးတယ်။

အယ မန္တိမာ ဇာတိ၊ = ဒီဘဝဟာ နောက်ဆုံးပဲ။

နတ္ထိ ဒါနိ ပုနဗ္ဘဝေါ = ဘဝသစ် ပြန်မဖြစ်တော့ဘူး။

**ပဉ္စဝဂ္ဂီတို့ နှစ်သက်သွားခြင်း**

၁၄။ ဣဒမဝေါစ ဘဂဝါ၊ အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ ဘဂ– ဝတော ဘာသိတံ အဘိနန္ဒုန္တိ။

အတ္တမနာ = နှစ်သက်သွားကြတယ်။

သံဂါယနာမှတ်တမ်း။ ပဌမ သံဂါယနာတင်စဉ်က မထေရ် ကြီးတွေ မှတ်တမ်းတင်ထားခဲ့တာ။ ......